သူတို့အိမ်ပြန်ကြလေပြီ...

ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးကြတဲ့ တပ်မတော်သားတွေကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်တွေအလိုက်မှာ တာဝန်ရှိသူတွေကိုယ်တိုင် ခမ်းခမ်းနားနားနဲ့ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း ဂုဏ်ပြုလက်မှတ်တွေ၊ ဆုတံဆိပ်တွေ၊ ဂုဏ်ပြုချီးမြှင့်ငွေတွေပေးအပ်ပြီး နွေတ်ဆက်သလို မိမိတို့ဒေတိဒေသကို ပြန်ရောက်ချိန်မှာလည်း ဒေသခံတွေက ဝမ်းပန်းတသာ စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြတာပါ...



ဒီလိုအသိအမှတ်ပြုနှုတ်ဆက်ကြပြီး



ဒီလိုတွေ ကြိုဆိုကြတာပါ

ပြည်သူ့စစ်မှုထမ်းများ အဆင့်တိုးမြှင့်ခြင်း

တက္ကသိုလ်ဝင်တန်း (စနစ်သစ် Grade 12 ၊ စနစ်ဟောင်း ၁၀ တန်း)

အောင်မြင်ပြီးသူများ

ပြည်သူ့စစ်မှုထမ်းသက် (၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ်ဖြင့် ခန့်အပ်မည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုးစည်းမျဉ်းစည်းကမ်းအတိုင်းခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဒီပလိုမာရရှိသူများ

ပြည်သူ့စစ်မှုထမ်းသက်(၁)နှစ်ပြည့် - ဒုတိယတပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - ဒုတိယတပ်ကြပ် ခန့်အပ်ပြီး၊ (၁)နှစ်အကြာ တပ်ကြပ်အဆင့် တိုးမြှင့်ပေးမည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်းအတိုင်း ခံစားခွင့်ရှိမည်။

တက္ကသိုလ်/ကောလိပ်များမှ ဘွဲ့ရရှိသူများ

သင်တန်းဆင်းပါက - ဒုတိယတပ်ကြပ်

ပြည်သူ့စစ်မှုထမ်း(၁)နှစ်ပြည့်လျှင် - တပ်ကြပ်

အမြဲတမ်းတပ်ဖွဲ့ဝင်လျှောက်ပါက - တပ်ကြပ်အဆင့်ဖြင့် ခန့်အပ်မည်။

အမြဲတမ်းတပ်ဖွဲ့ဝင်ဖြစ်ပါက - အဆင့်တိုး စည်းမျဉ်းစည်းကမ်းအတိုင်း ခံစားခွင့်ရှိမည်။



သင်တန်းကျောင်းမှ နွေးထွေးစွာ ကြိုဆိုနေပုံ

နိုင်ငံသားကောင်း လက်ကမ်းစာစောင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ....

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။"

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။"လို့ ပြဋ္ဌာန်းထားပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေရဲ့ ရည်ရွယ်ချက်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒဿတာဝန်အရေးသုံးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတို့အတွက် စစ်မှုထမ်းဆောင်နိုင်ရန်။

ပြည်သူ့စစ်မှုထမ်းစနစ် ဘာကြောင့် ကျင့်သုံးရတာလဲ -

* နိုင်ငံတော်မှာရှိတဲ့ နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင် ဆောင်ရွက်နိုင်စေဖို့အတွက် တစ်ခုတည်းသောနည်းလမ်းက အမျိုးသားစစ်မှုထမ်းစနစ်ပဲဖြစ်ပါတယ်။
* နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စီးပွားရေးနဲ့ လုံခြုံရေးတို့ကို ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ရတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။
* နိုင်ငံတော်စစ်မှုထမ်းစနစ်ဆိုတာ ရေတိုဆောင်ရွက်ရတဲ့ လုပ်ငန်းမဟုတ်ဘဲ ရေရှည်တစ်စိုက်မတ်မတ် ဆောင်ရွက်ရတဲ့စီမံချက်ဖြစ်ပါတယ်။

* နိုင်ငံတော်ရဲ့ဥပဒေပြဋ္ဌာန်းချက်တွေ၊ တပ်မတော်ရဲ့ မြင့်မားတဲ့ စွမ်းဆောင်နိုင်မှုတွေ၊ ပြည်သူလူထု တစ်ရပ်လုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အသိဉာဏ်ပညာမြင့်မားမှု၊ ကာကွယ်ရေးပညာဗဟုသုတကြွယ်ဝမှုနဲ့ တတ်ကျွမ်းမှုတို့ ပေါင်းစပ်ဆောင်ရွက်ရတဲ့ လုပ်ငန်းလည်း ဖြစ်ပါတယ်။
* မိမိတို့နိုင်ငံတော်ဟာ ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပါတယ်။
* မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေးအခြေအနေအရ အခွင့်အရေးများရှိသလို ခြိမ်းခြောက်မှုများလည်း ရှိနေတဲ့အတွက် ပြည်သူ့စစ်မဟာဗျူဟာကို ကျင့်သုံးနေရခြင်းဖြစ်ပါတယ်။
* ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံတွေမှာလည်း မိမိတို့နိုင်ငံတွေ ရေရှည်ရပ်တည်နိုင်ဖို့ စီးပွားရေးကိုတည်ဆောက်ရတဲ့အပြင် မိမိတို့အင်အားကို ခုံညားလေးစားခံရဖို့ ကာကွယ်ရေးအင်အားကိုလည်း တည်ဆောက်ရပါတယ်။
* အဲဒီလိုတည်ဆောက်တဲ့အခါမှာ နိုင်ငံရဲ့ စီးပွားရေးစွမ်းအား (Economic Might) နဲ့ ကာကွယ်ရေးစွမ်းအား (Military Might) တို့ ဘက်ညီမျှတပြီး ခြိုးခြံချွေတာနိုင်ဖို့ ပြည်သူတစ်ရပ်လုံးက ပါဝင်တည်ဆောက်ဖို့လိုပါတယ်။
* အဲဒီလိုကျင့်သုံးခြင်းအားဖြင့် ကာကွယ်ရေးစွမ်းပကား အသင့်ဖြစ်မှုနဲ့အတူ စစ်ဘက်/ အရပ်ဘက်ဆက်ဆံရေးများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။

သူတို့ကိုတော့ ပြည်သူ့စစ်မှုထမ်းခြင်းကနေ ကင်းလွတ်ခွင့်ပြုပါတယ်-

- သာသနာ့ဝန်ထမ်းများ။
- အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးများလည်းပါဝင်ပါတယ်)
- ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်း မသန်စွမ်းသူများ။
- တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ... ဒါတွေခံစားခွင့်ရှိပါတယ်-

- ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ စစ်မှုထမ်းဆောင်နေစဉ်အတွင်း တပ်မတော်မှာသတ်မှတ်ထားတဲ့ အဆင့်အလိုက် လစာနှင့်စရိတ်အတိုင်းခံစားခွင့်ရရှိစေမှာပါ။
- စစ်မှုထမ်းကာလအတွင်းသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့မယ်ဆိုရင် တာဝန်ဝတ္တရားထမ်းဆောင်ခြင်းနဲ့ အကျိုးဝင်ပါက တပ်မတော်မှာ သတ်မှတ်ထားတဲ့ ခံစားခွင့်များ ရရှိစေမှာပါ။
- ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ယင်းတာဝန်ထမ်းဆောင်နေတဲ့ကာလကို တာဝန်ချိန်အဖြစ် သတ်မှတ်ပါတယ်။
- ပြည်သူ့စစ်မှုထမ်းကာလ ပြီးဆုံးတဲ့ အလုပ်သမားတစ်ဦးကို မူလထမ်းဆောင်ခဲ့တဲ့ အလုပ် ဒါမှမဟုတ် အလားတူအလုပ်အကိုင်မျိုးမှာ သတ်မှတ်ထားတဲ့ အတိုင်း အလုပ်ရှင်က ခန့်ထားပေးရပါမယ်။
- သတ်မှတ်ကာလအထိ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသူတစ်ဦးဟာ မိမိဆန္ဒအလျောက် တပ်မတော်မှာ ဝင်ရောက်အမှုထမ်းချင်တယ်ဆိုရင် သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ စစ်မှုထမ်းနိုင်ပါတယ်။
- ပါရဂူဘွဲ့ရသူတွေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူတွေနဲ့ အခါအားလျော်စွာ သတ်မှတ်အရည်အချင်းပြည့်စုံသူတွေကို အရေးပေါ်ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်နိုင်ပါတယ်။

ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး...

နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”အနေနဲ့ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကော်မတီသည် ပြည်သူ့စစ်မှုထမ်း တာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။



အပြောမဟုတ် အလုပ်သက်သေနဲ့
အလုပ်အကိုင်ပေးအပ်ဖို့ ဆွေးနွေးကြပါတယ်

သင့်မြို့သင့်ရွာ ကာကွယ်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့